# ဆယ်ကျော်သက်များနှင့် လူငယ်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး (AYSRH)

ဆယ်ကျော်သက်များနှင့် လူငယ်များအား လူမှုအဖွဲ့အစည်းကို အကျိုးပြုနိုင်သူများ ဖြစ်လာအောင် ဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းအတွက် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။ စောစီးစွာ ကိုယ်ဝန်ရခြင်းနှင့် အန္တရာယ်မကင်းသော သားပျက်သားလျှောခြင်းများ မကြုံတွေ့ရဘဲ အလားအလာရှိသလောက် ဖွံ့ဖြိုးတိုးတက်နိုင်အောင် ယောက်ျားလေးများနှင့် မိန်းကလေးများကို ကူညီကြရပါမည်။

## ဆယ်ကျော်သက်များနှင့် လူငယ်များအတွက် SRH ကဘာ့ကြောင့်လိုအပ်လဲ



မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအလားအလာသည် လူငယ်များပင် ဖြစ်ပါသည်။
သို့သော် ယောက်ျားလေးများနှင့် မိန်းကလေးများအတွက် အရွယ်ရောက်သူတစ်ဦးအဖြစ်သို့ ကူးပြောင်းမှုသည် ကြီးမားသော လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရခြင်း ဖြစ်ပါသည်။ ထိုစိန်ခေါ်မှုများထဲတွင် အရွယ်မတိုင်မီ အိမ်ထောင်ကျခြင်း၊ မလိုချင်ဘဲ ကိုယ်ဝန်ရရှိခြင်းနှင့် HIV အပါအဝင် လိင်မှတစ်ဆင့်ကူးစက်သော ကာလသား ရောဂါများ (STIs) ကြောင့် ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ဆုံးရှုံးခြင်းတို့ပါဝင်ပါသည်။



Photo: UNFPA Myanmar

ရရှိသောအချက်အလက်များအရ မြန်မာနိုင်ငံတွင် ဆယ်ကျော်သက်ကိုယ်ဝန်သည် တိုးမြင့်လာပါသည်။ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်နှုန်းသည် ၂၀၀၇ခုနှစ်တွင် ၁၆.၈/ မိန်းကလေး ၁၀၀၀ ရှိရာမှ ၂၀၁၆ခုနှစ်တွင် ၃၆/ မိန်းကလေး ၁၀၀၀ အထိ မြင့်တက်လာပါသည်။ မွေးကင်းစကလေးစွန့်ပစ်မှု အရေအတွက်သည်လည်း မြင့်တက်လာပြီး နိုင်ငံတစ်ဝှမ်းရှိ ဘုန်းကြီးကျောင်းများနှင့် မိဘမဲ့ဂေဟာများသို့ ရောက်ရှိလာခြင်းကြောင့် ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုလာသည် ထိ ထိုပြဿနာသည် အရေးကြီးလာခဲ့ပါသည်။



Photo: The Myanmar Times

ထို့ပြင် ကွဲရဲ့ပြစ်တင်မှု၊ လက်မထပ်မီ လိင်ဆက်ဆံခြင်းနှင့် သားဆက်ခြားဆေးဝါးပစ္စည်းသုံးစွဲခြင်းတို့ကို လူမှုအသိုင်း အဝိုင်းမှ လက်မခံခြင်းတို့ကြောင့် အန္တရာယ်မကင်းသော သားပျက်သားလျှောခြင်းများကို မဖြစ်မနေ ရွေးချယ် လာရသည့် အမျိုးသမီးငယ်အရေအတွက်မှာ တိုးပွားလာကြောင်း သက်သေအထောက်အထားများလည်း ပိုမို များပြားလာပါသည်။ နှစ်စဉ်ခန့်မှန်းခြေ အမျိုးသမီး ၂၄၆,၀၀၀ ဦးသည် အန္တရာယ်မကင်းသည့် သားပျက်သားလျှော ခြင်းကို နောက်ဆုံးအားကိုးရာအဖြစ်ရွေးချယ်နေကြရပြီး ယင်းသည် မိခင်သေဆုံးမှုများကို ဖြစ်ပေါ် စေသည့် တတိယအကြီးမားဆုံး အကြောင်းရင်း ဖြစ်လာခဲ့ပါသည်။
လူငယ်များသည် အသက်များ ဆုံးရှုံးရသည် အထိ မဖြစ်သည့်တိုင် နောက်ဆက်တွဲရောဂါ ပြဿနာများအတွက် ကုသစောင့်ရှောက်မှုများ ရယူရန် နှောင့်နေးခြင်းကြောင့် ပိုမိုပြင်းထန်သော ရောဂါများနှင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာရသလို ကုသစောင့်ရှောက်စရိတ်များလည်း ပိုမိုကုန်ကျစေပါသည်။



Photo: Population Connection

လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းကို သားဆက်ခြားနည်းလမ်းအမျိုးမျိုးနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိစေမှု နှင့်တွဲဖက်ဆောင်ရွက်ပေးခြင်းသည် အဆိုပါပြဿနာများကို ဖြေရှင်းရန်တွက်ခြေအကိုက်ဆုံး နည်းလမ်းပင်ဖြစ်ကြောင်း သက်သေအထောက်အထားများ ရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် သားဆက်ခြားဆေးဝါး ပစ္စည်းများ အသုံးပြုမှု တိုးပွားလာရန် အရေးကြီးပုံကို လက်ခံအသိအမှတ်ပြုပြီး ယင်းကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ FP2020 အစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပြီး ဖြစ်ပါသည်။ အဆိုပါ ပန်းတိုင်များ ပြည့်မြောက်စေရန် အတွက် အားပေးကူညီသောလူမှုရေးပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရေးတွင် လူငယ်များ၊ မိဘများ၊ သက်ကြီးရွယ်အိုများ၊ ဘာသာရေးခေါင်းဆောင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ကျန်းမာရေးစောင့်ရှောက်သူများနှင့် အခြားသောဩဇာရှိသူများ၊ မူဝါဒချမှတ်သူများ အပါအဝင် လူမှုအသိုင်းအဝိုင်းအတွင်းရှိလူတိုင်းကို ပါဝင်ဆောင်ရွက်စေရန် အထူးပင်အရေးကြီးပါသည်။ ဤကဲ့သို့သော အလွှာစုံချဉ်းကပ်ဆောင်ရွက်နည်းသည် အလွန်အရေးကြီးပြီး လူငယ်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးလိုအပ်ချက်များ၏ အရေးပါမှုကို ပိုမိုအာရုံစိုက်လာစေရန် နှင့် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ပေးသော ကျန်းမာရေးဝန်ဆောင်မှုများအား ပိုမိုလက်လှမ်းမီလာစေရန်တို့အတွက် အခရာကျသောအချက်လည်း ဖြစ်ပါသည်။


၂၀၁၇ခုနှစ်တွင် ၁၆.၈/၁၀၀၀ မှ ၂၀၁၆ခုနှစ်တွင် ၃၆/၁၀၀၀ အထိ (ကမ္ဘာ့ဘဏ်၊ ၂၀၀၇၊ DHS ၂၀၁၆)
https://www.mmtimes.com/national-news/yangon/20707-abandoned-babies-reveal-lack-of-sex-education-support-for-single-mothers.html
Ipas အစီရင်ခံစာ၊ ၂၀၁၇။ မြန်မာနိုင်ငံ မိခင်သေဆုံးမှု သုံးသပ်လေ့လာချက် (Maternal Death Review Myanmar)၊ MOHS၊ ၂၀၁၃



Pathfinder INTERNATIONAL
Sexual and reproductive health without fear or boundary

Myanmar Partners in Policy & Research (MPPR)

## အမေးများသော မေးခွန်းများနှင့် အဖြေများ

### *မျိုးဆက်ပွားကျန်းမာရေးပညာပေးမှုသည် လိင်မှုဆိုင်ရာကိစ္စများကို ပိုမိုစိတ်ဝင်စားလာအောင် အားပေးရာမရောက်ပေဘူးလား။ မဆင်မခြင် လိင်ဆက်ဆံမှုများကို မဖြစ်ပေါ်စေနိုင်ဘူးလား။*

လိင်ပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးခြင်းသည် လူငယ်များကို လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ စမ်းသပ်ကြည့်လိုစိတ်များကို မဖြစ်ပေါ် စေနိုင်ပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မျိုးဆက်ပွားကျန်းမာရေးပညာပေးအစီအစဉ်များကို ပြန်လည်သုံးသပ်ရာတွင် ပညာပေးအစီအစဉ်၌ ပါဝင်ခဲ့ ကြသောလူငယ်များကြား လိင်ပိုင်းဆိုင်ရာကိစ္စများကို စောစီးစွာလုပ်ဆောင်မှု ပိုမိုတိုးပွားလာခြင်းမရှိသလို အခြားလူငယ်များနှင့် နှိုင်းယှဉ်လျှင်လည်း လိင်ပိုင်းဆိုင်ရာကိစ္စများကို ပိုမိုစိတ်ဝင်စားလာခြင်းမျိုး မရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ အမှန်စင်စစ် လူငယ်များကို လိင်ဆက်ဆံမှု စတင်မပြုလုပ်မီ တိကျမှန်ကန်သော သတင်းအချက်အလက်များ ကြိုတင်ပေးထားခြင်းသည် ဆယ်ကျော်သက်များအား လိင်ဆက်ဆံမှုကို ရှောင်ရှားစေရန်ပင် အထောက်အကူဖြစ်ကြောင်း တွေ့ရှိရပါသည်။ လိင်ဆက်ဆံမှုပြုနေသော လူငယ်များအတွက်လည်း တိကျမှန်ကန်သော လိင်ပိုင်းဆိုင်ရာ အချက် အလက်များကို ပညာပေးထားခြင်းဖြင့် ကွန်ဒုံးအသုံးပြုမှုကို မြင့်မားစေကာ ၎င်းတို့ကိုယ်၎င်းတို့ HIV/AIDS နှင့် အခြားသော STD ရောဂါများ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန် ကူညီပေးပါသည်။ လေ့လာမှုများတွင် တညီတညွတ်တည်းတွေ့ရှိရ သည်မှာ တိကျမှန်ကန်သော လိင်ပိုင်းဆိုင်ရာ ပညာပေးမှုများကို လက်ခံရရှိထားသည့် ဆယ်ကျော်သက်များသည် ထိုကဲ့သို့သော ပညာပေးမှုများ ရရှိမထားသော ဆယ်ကျော်သက်များထက် ပထမဆုံးအကြိမ် လိင်ဆက်ဆံမှုပြုစဉ်တွင် သားဆက်ခြားပစ္စည်းတစ်ခုခုကို အသုံးပြုနိုင်ခြေ ပိုများသည်ဟူသောအချက် ဖြစ်ပါသည်။

### *လိင်ကိစ္စများကို ရှောင်ရှားရန်ကိုသာ ပညာပေးလျှင် မလုံလောက်ဘူးလား။*

လူငယ်များအတွက် ကိုယ်ဝန်ရရှိမှု၊ STDရောဂါများ နှင့် HIV/AIDS တို့မှ ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်နိုင်ရန် တစ်ခုတည်းသော အသေချာဆုံး နည်းလမ်းမှာ လိင်အပျော်အပါး ရှောင်ရှားခြင်းသာဖြစ်ပြီး မျိုးဆက်ပွားကျန်းမာရေး ပညာပေးမှုတွင် ယင်းနည်းလမ်းကို ပထမဆုံးစတင်ပညာပေး ပါသည်။ ထိုသို့ အပျော်အပါးကိစ္စများကို အောင်မြင်စွာ ရှောင်ရှားနိုင်ဖို့ဆိုလျှင် လူငယ်များတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ငြင်းပယ်နိုင်ခြင်းတို့အပါအဝင် ကျွမ်းကျင်မှုများ လိုအပ်ပါသည်။ ထိုသို့ အပျော်အပါးရှောင်ရှားရန် နည်းလမ်းတစ်ခုတည်း ကိုသာ လူငယ်များကို သင်ကြားပေးမည်ဆိုပါက ၎င်းတို့ ဆန္ဒရှိ၍ ဖြစ်စေ၊ ဆန္ဒမရှိဘဲဖြစ်စေ လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုများ ပြုလာသောအခါတွင် ၎င်းတို့ကိုယ်၎င်းတို့ ဘေးကင်းအောင် စောင့်ရှောက်နိုင်မည့် သတင်းအချက်အလက်များနှင့် ကျွမ်းကျင်မှုများ မရှိဘဲဖြစ်နေပါလိမ့်မည်။ လူငယ်များ သည် သိသင့်သိထိုက်သော သတင်းအချက်အလက်များ မရရှိထားဘဲနှင့် တာဝန်သိသော ရွေးချယ်မှုများ ပြုလုပ်နိုင်စွမ်းနှင့် ဖြေရှင်းရန် နည်းလမ်းများ ရှာဖွေနိုင်စွမ်းတို့ နည်းပါးသွားပါလိမ့်မည်။

### *လူငယ်အစီအစဉ်များသည် လူငယ်များအား သားဆက်ခြားနည်းလမ်းများ မသုံးသုံးအောင် "တွန်းအားပေးရာ" ရောက်မနေဘူးလား။*

လူငယ်များအား သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ ပေးခြင်းသည် ၎င်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်အောင် ကူညီပေး ခြင်းဖြစ်ပါသည်။ ၎င်းတို့ကို လိင်ဆက်ဆံမှုပြုအောင် တိုက်တွန်းအားပေးခြင်း မဟုတ်ပါ။ ပြည့်စုံသောလိင်ပိုင်းဆိုင်ရာပညာပေး (Comprehensive Sexuality Education - CSE) အစီအစဉ်များတွင် လူငယ်များအား သားဆက်ခြားနည်းလမ်းများကို သုံးစွဲရန် မည်သည့်အခါမျှ တိုက်တွန်းအားပေး ခြင်းမပြုပါ။ ၎င်းတို့အား STDရောဂါများနှင့် ကိုယ်ဝန်မရအောင် မည်သို့ ကာကွယ်ရမည်ဆိုသည်ကိုသာ ပညာပေးခြင်းဖြစ်ပါ သည်။ လူငယ်များသည် ခက်ခဲသော ရွေးချယ်မှုများကို ပြုလုပ်ရန်လိုအပ်သည့် အခြေအနေများကို ရင်ဆိုင်ရသောအခါမျိုးတွင် တာဝန်သိစွာ လုပ်ဆောင်နိုင်ရန်အတွက် သတ္တိနှင့် ကျွမ်းကျင်မှုများ လိုအပ်ပါသည်။

### *လူငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေး သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို အားပေးထောက်ခံမည် ဆိုလျှင် လူမှုအသိုင်းအဝိုင်းက ကျွန်ုပ်အား မည်သို့ထင်မြင်ကြမည်နည်း။*

လူမှုအသိုင်းအဝိုင်းများသည် လူငယ်ကိစ္စရပ်များကို ပထမအကြိမ် ပွင့်ပွင့်လင်းလင်း စတင်ဆွေးနွေးလာပြီဆိုလျှင် တစ်ခါတစ်ရံတွင် မျိုးဆက်ပွား ကျန်းမာရေးအစီအစဉ်များအပေါ် ထောက်ခံအားပေးကူညီမှုများ မျှော်မှန်းထားသည်ထက် ပိုမိုရရှိလာတတ်ပါသည်။ မည်သည့်နေရာဒေသတွင်မဆို လူအများသည် လူငယ်များ ကျန်းကျန်းမာမာ ကြီးပြင်းလာသည်ကို လိုလားကြပါသည်။ လူကြီးများသည် ၎င်းတို့ရပ်ရွာထဲရှိ လူငယ်များကြား ဖြစ်ပွား နေသော မလိုလားအပ်သော ကိုယ်ဝန်ရရှိမှုများ၊ သားပျက်သားလျှောခြင်းများနှင့် HIV/STI ရောဂါများအတွက် စိုးရိမ်ပူပန်နေကြပြီး ထိုပြဿနာ များကို ရှင်းလင်းပြောပြသောအခါတွင် ထိုပြဿနာများကို ဖြေရှင်းပေးနိုင်ခြေရှိသည့် နည်းလမ်းများအား လိုလိုလားလား ဆွေးနွေးတတ်ကြပါသည်။

မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းများကို ဆန့်ကျင်မှုအများစုသည် လူငယ်များကြား လိင်ပိုင်းဆိုင်ရာကိစ္စများ ဆွေးနွေးပေးခြင်းသည် လိင်မှုကိစ္စများကို အားပေးရာရောက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ သုတေသန ပြချက်များအရ ဤယူဆချက်မှာ မမှန်ကန်ပါ။ သို့သော် အများပြည်သူ၏ ကာလရှည်ကြာစွဲကိုင်လာသော ယုံကြည်မှုများနှင့် တန်ဖိုးများကို ပြန်လည်ဆန်းစစ်ကြရန် တိုက်တွန်းအားပေးနိုင်ရန် အချိန်ယူရမည်ဖြစ်ပြီး အားထုတ်မှုများစွာ လိုအပ်ပါမည်။ မျိုးဆက်ပွားကျန်းမာရေး ပညာပေးနှင့် ဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများကို အများပြည်သူအား ပညာပေးခြင်း၊ အထူးသဖြင့် မိဘများနှင့် သက်ကြီးရွယ်အိုများကို ပညာပေးခြင်းဖြင့် စိုးရိမ်မှုများ လျော့ပါးသွားအောင် ကူညီပေးနိုင်ပြီး ဆယ်ကျော်သက်များနှင့် လူငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးအစီအစဉ်များကို လူထု၏ အားပေးထောက်ခံကူညီမှုများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ရင်းမြစ် - လူငယ်များအတွက် အသိပေးရှင်းလင်းဆွေးခြင်း (Advocacy for Youths) မှ ကောက်နုတ်ချက်များ
http://www.advocatesforyouth.org/publications/375-chapter-7-common-questions-for-advocates-talking-about-adolescent-reproductive-health

Pathfinder INTERNATIONAL
Sexual and reproductive health without fear or boundary

Myanmar Partners in Policy & Research (MPPR)

## AYSRH အစီအစဉ်

Pathfinder International နှင့် MPPR တို့သည် မြန်မာနိုင်ငံအစိုးရနှင့် မြို့နယ်အဆင့် လူမှုအသိုင်းအဝိုင်းများအား ဆယ်ကျော်သက်များနှင့် လူငယ်များအတွက် အရည်အသွေးပြည့် ဝန်ဆောင်မှုများ ရရှိအသုံးပြုနိုင်အောင် ဆောင်ရွက် ပေးနိုင်ရေး ကူညီပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့သည် လူမှုရေးစံသတ်မှတ်ချက်များ ပြောင်းလဲရေး အစီအစဉ်များကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ လူမှုအသိုင်းအဝိုင်းများနှင့် လူငယ်များကို စွမ်းရည်မြှင့်တင်ပေးခြင်းတို့တွင် အဓိကအကျိုးသက်ဆိုင်သူများအားလုံး တစ်စုတစ်စည်းတည်း ပေါင်းစည်းဆောင်ရွက်နိုင်စေရန် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

### ပန်းတိုင်

မြန်မာနိုင်ငံရှိ အသက် ၁၀ နှစ်မှ ၂၄ နှစ်ကြား ဆယ်ကျော်သက်များနှင့် လူငယ်များသည် ၎င်းတို့ လိုအပ်သည့် အရည်အသွေးပြည့် SRH သတင်း အချက်အလက်များနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိကြစေရန်။

### ရည်ရွယ်ချက်

၂၀၂၀ ပြည့်နှစ်မတိုင်မီ လူမှုအသိုင်းအဝိုင်းများ အတွင်းရှိ အဓိကအကျိုးသက်ဆိုင်သူများ၊ လူငယ်များ၏ ဆွေးနွေးညှိနှိုင်းမှုနှင့် ရေးဆွဲအကောင်အထည် ဖော်ထားသော AYSRH မဟာဗျူဟာများနှင့်လုပ်ငန်း စီမံချက်များ မြို့နယ်များ၌ ရှိစေရန်။

### လုပ်ငန်းရလဒ်များ

၁။ မြို့နယ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများတွင် ဆယ်ကျော်သက်နှင့်လူငယ်တို့၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးကို အားပေးမြှင့်တင်နိုင်မည့် အသိပညာများနှင့် နည်းဗျူဟာများ ပိုင်ဆိုင်လာခြင်း၊

၂။ ရွေးချယ်ထားသော မြို့နယ်များရှိ ကျန်းမာရေးဌာနများတွင် AYSRH လုပ်ငန်းစီမံချက်များ ရှိလာခြင်း၊

၃။ လူမှုအသိုင်းအဝိုင်းနှင့် လူငယ်ကိုယ်စားလှယ်များသည် ကျန်းမာရေးဝန်ဆောင်မှုပေးသူများနှင့် ဆွေးနွေး ဖလှယ်ကာ မြို့နယ်၏ AYSRH မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲမှုတွင် အကြံပြုချက်များ၊ ထင်မြင်ချက်များ တင်ပြနိုင်သည့် အခွင့်အလမ်းများ ရရှိလာခြင်း၊

၄။ ရွေးချယ်ထားသော မြို့နယ်များရှိ လူငယ်အုပ်စုများနှင့် လူမှုအသိုင်းအဝိုင်းအတွင်းမှ အုပ်စုများသည် မြို့နယ်၏ AYSRH လုပ်ငန်းစီမံချက်များတွင် ဆက်လက်ပါဝင်အကြံပြုပေးနိုင်သည့် လုပ်ထုံးလုပ်နည်းတစ်ခု ရှိလာခြင်း။ ⊠




### လူငယ်များထံမှ အဓိကသတင်းစကားများ

၁။ လူငယ်များ၏ အမြင်ကို အလေးထားပါ - ဆုံးဖြတ်ချက်ချမှတ် မှုလုပ်ငန်းစဉ်တွင် လူငယ်များကို ပါဝင်ဆောင်ရွက်ခွင့်ပေးပါ။

၂။ မလိုချင်ဘဲကိုယ်ဝန်ရခြင်းကို ဖြေရှင်းရန် နည်းလမ်းမှာ အိမ်ထောင် ပြုခြင်း မဟုတ်ပါ။ သားဆက်ခြားခြင်းသာ ဖြစ်ပါသည်။

၃။ ဆေးဆိုင်များမှ လူငယ်များအတွက် ပိုမိုအဆင်ပြေ ကောင်းမွန် သော ဝန်ဆောင်မှုများ ပေးလာအောင် လုပ်ပေးပါ။

၄။ သားဆက်ခြားခြင်းဆိုင်ရာ အသိပညာများကို မီဒီယာများ၊ လူမှု မီဒီယာများ၊ ဗီဒီယိုများ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ ကာတွန်း စာအုပ်များနှင့် လက်ကမ်းစာစောင်များကို အသုံးပြုခြင်းဖြင့် နည်းလမ်း အမျိုးမျိုးနှင့် ရရှိနိုင်အောင် ဆောင်ရွက်ပေးပါ။

၅။ သက်တူရွယ်တူများအချင်းချင်း ပညာပေးခြင်းဖြင့် အပြန်အလှန် ဆွေးနွေးမေးမြန်းနိုင်အောင် ဆောင်ရွက်ပေးပါ။

၆။ ငယ်ရွယ်စဉ်ကတည်းက SRH ပညာပေးခြင်းများကို ကျောင်း ကျန်းမာရေးအစီအစဉ်များမှတစ်ဆင့် စတင်ဆောင်ရွက်ပေးပါ။

၇။ ကျေးလက်ဒေသမှ လူငယ်များကို လျစ်လျူရှုမထားပါနှင့်။

Pathfinder INTERNATIONAL
Sexual and reproductive health without fear or boundary

MPR Myanmar Partners in Policy & Research (MPPR)

# အစီအစဉ်တွင် ပါဝင်သော အစိတ်အပိုင်းများ

**မြို့နယ်များနှင့် ကျင်းပသော AYSRH အတွက် အခက်အခဲ အတားအဆီးများ ဆန်းစစ်လေ့လာမှု ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ**
လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုဖြင့် ပြဿနာနှင့် အကြောင်းရင်းများ သတ်မှတ်ဖော်ခြင်း၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း

↓

**မြို့နယ်လုပ်ငန်းစီမံချက်ရေးဆွဲခြင်း**
လူထုပါဝင်ဆောင်ရွက်မှုဖြင့် နောက်ဆက်တွဲ လုပ်ငန်းစီမံချက် ရေးဆွဲခြင်း

↓

**လုပ်ငန်းစီမံချက်အား စောင့်ကြည့်လေ့လာခြင်း**
ရပ်ရွာလူထု၏ ပါဝင်မှုနှင့် တုံ့ပြန်အကြံပြုမှုများဖြင့်







## AYSRH အတွက် ကျွန်ုပ်တို့၏ လမ်းညွှန်စည်းမျဉ်းများ

- မြန်မာနိုင်ငံ၏ FP2020 ပန်းတိုင်များကို ပံ့ပိုးကူညီခြင်း၊
- ပြည်သူ့ကျန်းမာရေးစနစ် အားကောင်းလာအောင် ပံ့ပိုး ကူညီခြင်း၊
- ရပိုင်ခွင့်အခြေပြုဆောင်ရွက်သည့် နည်းလမ်းကို အား ပေးမြှင့်တင်ခြင်း၊
- ကဏ္ဍစုံ၊ ဘက်ပေါင်းစုံ ချဉ်းကပ်ဆောင်ရွက်သည့် နည်း လမ်းများကို အားပေးခြင်း၊
- မိတ်ဖက်များကို နှိုးဆော်စည်းရုံးခြင်းနှင့် အားပေး ကူညီခြင်း၊
- အကျိုးသက်ဆိုင်သူများကြား ဆွေးနွေးဖလှယ်ခြင်း/ လူထုကို ဆော်သြစည်းရုံးခြင်းတို့ကို ပံ့ပိုးကူညီခြင်း၊
- မဟာဗျူဟာတစ်ရပ် ရေးဆွဲခြင်းနှင့် အခြားသော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် လူငယ်များ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင် ပေးခြင်း။